THE WORLD BANK
IBRD • IDA | WORLD BANK GROUP

# သတင်းထုတ်ပြန်ချက်

## ပဋိပက္ခနှင့် ငွေကြေးဖောင်းပွမှုကြောင့် မြန်မာ့စီးပွားရေး နလံထမှု နှေးကွေး

ကုန်ထုတ်ကဏ္ဍများအားလုံးတွင် နှေးကွေးမှု ဆက်လက်ကျယ်ပြန့်လာနေမည်ဟု ခန့်မှန်းသည်

**ရန်ကုန်မြို့၊ ဒီဇင်ဘာ ၁၂ ရက် ၊ ၂၀၂၃ ခုနှစ်**- မြန်မာနိုင်ငံသည် ပဋိပက္ခ အခြေအနေများ ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု အတားအဆီးများ ၊ ကျပ်ငွေတန်ဖိုး မတည်ငြိမ်မှု နှင့် ငွေကြေးဖောင်းပွမှု အခြေအနေပေါင်းစုံ၏ ရိုက်ခတ်မှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအပေါ် အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိရာ ကာလတိုအတွက် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း အနည်းငယ်သာရှိသည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏ တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်သည့် မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာကဆိုသည်။

"ပဋိပက္ခကြားမှ စိန်ခေါ်မှုများ" ဟု အမည်ပေးထားသည့် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် မတ်လ ၂၀၂၄ အထိ တစ်နှစ်အတွင်း ၁ ရာခိုင်နှုန်း သာ ရှိသည်ဟု ခန့်မှန်းသည်။ အောက်တိုဘာလကတည်းက မြန်မာနိုင်ငံတွင်း ပဋိပက္ခများ ဖြစ်ပွားမှု မြင့်တက်လာခဲ့ရာ လူဦးရေ ၅ သိန်းကျော်ခန့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရပြီး ကုန်သွယ်မှု လမ်းကြောင်းများကို ထိခိုက်စေကာ ကုန်စည် သယ်ယူပို့ဆောင်ရေး စရိတ်များ မြင့်တက်လာခဲ့သည်။

ပဋိပက္ခများ ဖြစ်ပွားမှု အရှိန်အဟုန် ဆက်လက် မြင့်မားလာခြင်းမရှိပင်လျှင် လာမည့် ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးနေဦးမည်ဖြစ်သည့်အပြင် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးရေး ၊ ကုန်ထုတ်လုပ်ရေး နှင့် ကုန်သွယ်မှုကဏ္ဍ အပါအဝင် ကုန်ထုတ်ကဏ္ဍများ၌ နှေးကွေးကြန့်ကြာမှုများ ဆက်လက်ကျယ်ပြန့်လာနေနိုင်သည်။ မြန်မာ့နိုင်ငံ၏ စီးပွားရေး ပမာဏသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း ဆက်လက် နိမ့်ကျလျက်ရှိသောကြောင့် အရှေ့အာရှဒေသတွင် ကမ္ဘာ့ကပ် ရောဂါ မတိုင်မီရှိခဲ့သည့် စီးပွားရေးအခြေအနေသို့ ပြန်မရောက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံ အဖြစ် ဆက်လက် တည်ရှိနေသည်။

ယခုနှစ်ဇွန်လအထိ ၁၂ လတာ ကာလအတွင်း စားသုံးကုန်ပစ္စည်းများ တန်ဖိုးသည် ၂၉ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့သည့်အပြင် မကြာသေးခင်က မြန်မာကျပ်ငွေ တန်ဖိုး ကျဆင်းမှုနှင့် ပဋိပက္ခများ ကျယ်ပြန့်လာခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာနေဆဲဖြစ်သည်။ အိမ်ထောင်စုဝင်ငွေများ ဆိုးဆိုးရွားရွား ဆက်လက် ကျဆင်းနေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ် နှစ်လယ်တွင် IFPRI က ကောက်ယူခဲ့သည့် စစ်တမ်းအချက်အလက်များအရ အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်း က ယခင်နှစ်ကထက် ဝင်ငွေ ကျဆင်းခဲ့ကြောင်း ဖြေကြားခဲ့ကြပြီး ကာလလတ် အမှန် ဝင်ငွေမှာ ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ စားနပ်ရိက္ခာ ဖူလုံမှုညွှန်းကိန်းများ ပိုမိုဆိုးရွားလာခဲ့သည်။

"စီးပွားရေးအခြေအနေတွေ ဆိုးရွားလာနေပြီး အနာဂတ်အတွက် မသေချာမရေရာမှုတွေကလည်း ပိုပြီး ဆိုးလာပါတယ်။ စားသောက်ကုန်စျေးနှုန်း မြင့်တက်လာတာကြောင့် ဝင်ငွေ အများစုကို အစားအစာအတွက်သာ သုံးစွဲနေရတဲ့၊ ကုန်စျေးနှုန်း မြင့်တက်မှု ပိုမြန်တဲ့ ဒေသတွေမှာ နေထိုင်ရတဲ့ အခြေခံလူတန်းစားများကို ပိုပြီး ထိခိုက်စေပါတယ်။" ဟု ***ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို ပြည်သူ့သမ္မတနိုင်ငံတော် ဌာနေကိုယ်စားလှယ် မာရီယမ်ရှာမန်*** ကပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်း ညွှန်းကိန်းများသည် ၂၀၂၃ ခုနှစ် နှစ်လယ်ကတည်းက ဆိုးရွားလာနေခဲ့သည်။ စက်တင်ဘာလတွင် ၎င်းတို့ လုပ်နိုင်စွမ်း၏ ၅၆ ရာခိုင်နှုန်းခန့်သာ လည်ပတ်နိုင်ခဲ့သော စီးပွားရေးလုပ်ငန်းများက မတ်လမှစတင်၍ ၁၆ ရာခိုင်နှုန်းခန့် ပိုမို ကျဆင်းသွားခဲ့သည် ဟုဆိုသည်။ လက်လီအရောင်းသမားများအတွက် အရောင်းကျဆင်းလာခြင်းက အဓိက စိန်ခေါ်မှု ဖြစ်သည်။

အစီရင်ခံစာ၏ အထူးကဏ္ဍတွင် ပြီးခဲ့သည့် ဆယ်စုနှစ်ကတည်းက အလုပ်အကိုင် ဖန်တီးမှုနှင့် ဝင်ငွေအတွက် အဓိက တွန်းအားဖြစ်သည့် မြန်မာ့ အထည်ချုပ်စက်ရုံလုပ်ငန်းများ၏ အခြေအနေအပေါ် သုံးသပ် ဆွေးနွေးထားပါသည်။ သို့ရာတွင် ပဋိပက္ခ၊ မြင့်မားသော ကုန်စည် သယ်ယူပို့ဆောင်စရိတ်များ ၊ ကုန်သွယ်မှုနှင့် နိုင်ငံခြားငွေ လဲလှယ်ရေးဆိုင်ရာ စည်းမျဉ်းများ နှင့် လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုများက စီးပွားရေး လုပ်ငန်း ကုန်ကျစရိတ် အပေါ် ထပ်မံဖိစီးနေသဖြင့် နိုင်ငံတကာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို လျော့နည်းသွားစေသည်။

"စီးပွားရေးလုပ်ဆောင်နိုင်တဲ့ အခင်းအကျင်း ကျဆင်းလာမှုနှင့်အတူ အနာဂါတ်အတွက် မရေရာမှုတွေ ပိုများလာတာကြောင့် မြန်မာနိုင်ငံရဲ့ အထည်ချုပ်စက်ရုံများဟာ ရင်းနှီးမြုပ်နှံမှုနဲ့ တိုးချဲ့နိုင်ရေးအတွက် မဟုတ်ဘဲ ရပ်တည်ရှင်သန်ရေးကိုသာ ပိုပြီး အာရုံစိုက် နေကြရပါတယ်။ မကြာသေးခင်က ဖြစ်ပေါ်တိုးတက် ပြောင်းလဲလာမှုတွေကြောင့် အထည်ချုပ်လုပ်ငန်းများ သာမက မြန်မာနိုင်ငံရဲ့ စီးပွားရေးတခုလုံး ရဲ့ ရေရှည် ဖွံ့ဖြိုးတိုးတက်မှု အလားအလာအပေါ် အများကြီး အဟန့်အတား ဖြစ်စေနိုင်ပါတယ်"။ ဟု ***ကမ္ဘာ့ဘဏ်၏ အစီအစဉ်ဦးဆောင်သူ နှင့် အကြီးတန်း စီးပွားရေးပညာရှင် ကင်မ် အယ်လန် အဒ်ဝပ်*** ကပြောကြားခဲ့သည်။

**ဆက်သွယ်ရန်**

ဝါရှင်တန် *:* Mark Felsenthal, (202) 602-9673, mfelsenthal@worldbank.org;

Website: www.worldbank.org/myanmar

Facebook: http://www.facebook.com/worldbank

Twitter: http://www.twitter.com/worldbank

YouTube: http://www.youtube.com/worldbank

**သတင်းထုတ်ပြန်ချက်**

2024/032/EAP